# စဉ်းစားပါ...မြန်မာပြည်

မြန်မာပြည်ရေ.......
သက္ကရာဇ် ၂၀၀၀ ရဲ့နောက်ပိုင်းမှာ
မပော်သဓာနဲ့ ဘီဂိတ်ကို
Remix လုပ်လို့ ရပေမဲ့
ကြံ့ဖွတ်နဲ့ ဒီမိုကရက်တစ်ကို
ဘယ်လိုကာရံတွေနဲ့
အနားသတ်ကြမလဲ.....॥

မြန်မာပြည်ရေ...........
မင်းဟာ.......
Globalization ရဲ့စုန်ရေထဲမှာ
ဆန်ပြီးရင်းဆန်ရင်း
မိုးခါးရေကို မင်းတစ်ယောက်တည်းသောက်တယ် ... ॥

မြန်မာပြည်ရေ......
ပျော်ရွှင်စရာကောင်းတဲ့ Game တွေကို
ကြိုက်တတ်ရင်လည်း
စစ်တိုက်တမ်းတော့ မကစားပါနဲ့ကွာ
မင်းလိုချင်တာတွေဟာ
Wire တစ်ချောင်းတောင်မလိုတဲ့
Network ကြီးထဲမှာလည်း
Welcome ပြီးရင်း Welcome ပါပဲ......॥

မြန်မာပြည်ရေ.....
မင်း....နာဂစ်နဲ့ ဂီရိ
ပြီးတော့.....ပြည်တွင်းစစ်
ပြီးတော့.........အပြစ်မဲ့အကျဉ်းသားတွေရဲ့မျက်ရည်
ပြီးတော့...........သားပျောက်မိခင်
ပြီးတော့..........မိဝေးဖဝေးတို့တတွေ

အဲ့ဒီအကြားမှာ....မင်းဟာ
Heal the world ဆိုတဲ့
မိုက်ကယ်ဂျက်ဆင်ရဲ့ သီချင်းကိုကြားတိုင်း
ပုလဲခနေရမှာဖြစ်သလို
သဘာဝဆိုတဲ့
ဆိုင်းထီးစိုင်ရဲ့သီချင်းကိုကြားတိုင်း
ကြက်သီးထ တုန်လှုပ်နေလိမ့်မယ် .... ॥

မြန်မာပြည်ရေ...........
ကမ္ဘာပြားနေတဲ့ခုချိန်ခါမှာ
မြန်မာနိုင်ငံပြီလို့ ဘယ်လောက်အော်အော်
မင်းဒူးတုတ်နေတဲ့တရုတ်ကြီးက
လုပါတယ်မေရယ်လို့ ပြောပြီး
မင်းကို ညစာလုပ်ပြစ်လိမ့်မယ် ......॥

မြန်မာပြည်ရေ.......
အမေ့အိမ်ကိုခံစားလိုက်စမ်းပါ
ကမ္ဘာကိုချေလိုက်စမ်းပါ
အဖေကိုအဖေလို့ ခေါ်ခွင့်ပြုလိုက်စမ်းပါ
ကြိုးကြာငှက်တို့ရဲ့အတောင်ပံတွေကို
ရပ်နားခွင့်ပြုလိုက်စမ်းပါ
မျှော်လင့်ခြင်းရဲ့သစ်သီးတစ်လုံးဆိုတဲ့
အိမ်ပျိုမလေးကိုကျားကန်လိုက်စမ်းပါ
ဇေယျာသော်နဲ့ ဇာဂနာရဲ့ဝန်းကျင်တွေကိုလည်း
ရှင်သန်ခွင့်ပြုလိုက်စမ်းပါ
သေချာပါတယ်.....
မင်းဟာ.........အလိုလိုနေရင်း
ဗိုလ်ချုပ်မှူးကြီးဖြစ်သွားပါလိမ့်မယ်... ॥

နန်းရှင်